CBCM

CBCM Herald

အတွဲ(၁)၊ အမှတ်(၂)

# Catholic Bishops' Conference of Myanmar

292(A), Pyay Road, Sanchaung, Yangon

ကက်သလစ်ဆရာတော်ကြီးများရုံးချုပ်

cbcmosc@gmil.com လူမှုဆက်သွယ်ရေးရုံး ၀၉၅ ၁ ၅၂၅၀၀၈

## WISHING YOU A MERRY CHRISTMAS!



## A VERY HAPPY NEW YEAR 2016

### ကက်သလစ်ဆရာတော်ကြီးများဆိုင်ရာလူမှုဆက်သွယ်ရေးရုံး၏ သတင်းလွှာထုတ်ဝေခြင်းအကြောင်းရင်းများ

- ဧဝံဂေလိသတင်းကောင်းကို ထပ်ဆင့်သယ်ပိုးဆောက်ရွက်နိုင်စေရန်၊
- ရဟန်းမင်းကြီးနှင့် အသင်းတော်တစ်ခုလုံးဆိုင်ရာနောက်ဆုံးရသတင်းများကိုအချိန်မှီပို့ဆောင်နိုင်ရန်၊
- မြန်မာနိုင်ငံသာသနာအသီးသီး၊ သူတော်စင်ဂိုဏ်း၊ CBCM ကော်မရှင်အသီးသီးတို့သည် နီးကပ်စွာဆက်သွယ်နိုင်စေရန်၊
- မြန်မာနိုင်ငံသားများအားလုံးကိုကောင်းသောသတင်းများအချိန်မှီ(တစ်လတွင်နှစ်ခါ) အထူးသဖြင့်online ဖြင့်ပေးပို့ရန်၊
- အာရှသမ္မာတရားလေလှိုင်းအသံ၏ သတင်းထုတ်လွှင့်ခြင်းများကို အထောက်အကူဖြစ်စေရန်၊

### သတင်းလွှာထုတ်ဝေခြင်း၏ဖွဲ့စည်းပုံ

- ထုတ်ဝေသူ။ ။ စီဘီစီအမ် အိုအက်စ်စီ
- အက်ဒီတာ။ ။ လူမှုဆက်သွယ်ရေးတာဝန်ခံ
- အတိုင်ပင်ခံများ။ ။ CBCM အထွေထွေအတွင်းရေးမှူး၊ ငြိမ်းချမ်းရေးနှင့်တရားမျှတရေးကော်မရှင်၊ ကက်သလစ်ရှေ့နေများအဖွဲ့
- အဖွဲ့ဝင်များ။ ။ သာသနာ(၁၆)ခုနှင့် သူတော်စင်ဂိုဏ်းများမှ လူမှုဆက်သွယ်ရေးတာဝန်ခံများ

# သနားကြင်နာခြင်း၏တံခါးတော်









သနားခြင်းကရုဏာတော်၏တံခါးတော်သည်ထူးခြားသောတံခါးတော်ဖြစ်ပါသည်။ ထိုတံခါးကို ကမ္ဘာပေါ် ရှိကက်သလစ်သာသနာတည်ရှိရာ သာသနာတိုင်းတွင် ယခု ထူးခြားသောသန့်ရှင်းသော ဂျူဘီလီနှစ်၌ဖွင့်လှစ်ရန် ရဟန်းမင်းကြီးဖရန်စစ်က တိုက်တွန်း နှိုးဆော်ထားပါသည်။ ဤသို့ဖြင့်ဘာသာတူများသည် အဆိုပါ တံခါး တော်မှ ဝင်ရောက်သွားခြင်းဖြင့် ဘုရားသခင်၏သနားခြင်း ကရုဏာကို ကမ္ဘာ၏ မည်သည့် အစွန်အဖျားမှမဆိုပြည့်ဝစွာ ခံစားခွင့်ကြုံရန်ဖြစ်ပါသည်။ သနားခြင်း ကရုဏာ တော်နှစ်၏စာချွန်တော်၌'တနင်္ဂနွေနေ့ တစ်ရက်တည့်တွင် (အာဒ်ဝင်းတူး တနင်္ဂနွေတတိယပတ်)ဒေသခံသာသနာ၏ မိခင်ကျောင်း တော်ကြီး (သို့) အခြဲ ကျောင်းတော်ကြီး၌ ဂျူဘီလီတံခါးကိုဂျူဘီလီနှစ် တစ်နှစ်ပတ်လုံး ဖွင့်လှစ်ထားရန် ကျွန်ုပ်ညွှန်ကြားထားပါသည်။ အဆိုပါတံခါးတစ်ခုကိုလည်း ဒေသခံ ဆရာတော်၏ လမ်းညွှန်မှုဖြင့်ဘုရားဖူးများ သွားရေးလာရေးလွယ်ကူသော ဗဟိုတည်ရှိရာတစ်နေ ရာရာ တွင်လည်း ဖွင့်လှစ်နိုင်ပါသည်။ ဤဂျူဗလီနှစ် အတွင်း၌ ဤနေရာ များသို့ မကြာမကြာသွားရောက်ဘုရားဖူးခြင်းဖြင့်ကျေးဇူးတော်ကိုထူးခြား စွာခံစား ရမည်။ လူတို့သည်နောင်တတရားများစွဲ၍ဘဝပြောင်းလဲလာကြမည်ဖြစ်ပါသည်'ဟု ရေး သားထားပါသည်။ (စာချွန်တော်နံပါတ်-၃)သာသနာ၏ မိခင်ဘုရားကျောင်းတော် ကြီးအပြင်အခြားတစ်နေရာကိုလည်း ဘုရားဖူးသွားခြင်းဖြင့်ဂျူဘီလီနှစ်၏ထူးခြား သော ကျေးဇူးတော်ခံစားခွင့်ရှိသည့် ဘုရားကျောင်းအဖြစ်ကြေငြာရန် သက်ဆိုင်ရာ သာသနာပိုင်၏ဆုံးဖြတ်ချက်ဖြစ်ပါသည်။ဤသို့ဂျူဘီလီနှစ်၏ထူးခြားကျေးဇူးတော် ခံစားခွင့်ပေးထားသည့် ဘုရားကျောင်းဆောင်များတွင်အာပတ်ဖြေ နားထောင်ပေး မည့် ရဟန်းများအမြဲ အဆင်သင့်ရှိနေသင့်ပါသည်။ သို့မှသာ ဘုရားဖူးများသည် ဘုရားဖူးရာမှ သန့်ရှင်း သောဂိညာဉ်တော်၏ စေ့ဆော်မှုဖြင့် နောင်တ တရားစွဲကာ အာပတ်ဖြေလိုလျှင်ဖြေနိုင်ရန်ဖြစ်ပါသည်။ အာပတ်ဖြေ လိုသော်လည်း ရဟန်းအား ပြေးလွှားလိုက်ရှာနေရမည်ဆိုလျှင်အားနာ၍သော်လည်းကောင်းစိတ်စနိုးစနောက် ဖြစ်သွားပေမည်။

*.. ကိုပိုက် (မြန်မာစာ)*

## Jesus of Nazareth musical Play




Jesus of Nazareth the Musical Dvd 9 သုံးချပ်တွဲ ကို ငါးထောင်ကျပ်လောက်နဲ့ ရန်ကုန်မြို့ က ကက်သလစ် ဘုရားကျောင်းများမှာ ခရစ္စမတ် ည က စလို့ ဝယ်လို့ရနိုင်ပါပြီ။ ငွေငါးထောင်နဲ့ ဒီpackage ကို အစအဆုံး ကြည့်ရှုဖို့ အချိန်ငါးနာရီကျော် လိုအပ်ပါမယ် လူ အယောက် နှစ်ရာကျော်ရဲ့ ကြိုးစား အားထုတ်မှု၊ သရုပ်ဆောင် (၁၃၅)ယောက်၊ တေးသီချင်း(၁၃)ပုဒ် အနုပညာရှင် အယောက် (၃၀) ကျော် တို့က ရန်ကုန်မြို့ရဲ့ အမျိုးသားကဇာတ်ရုံကြီးမှာ ပထမဆုံး အကြိမ်အဖြစ် နှစ်ရက်တိုင်တိုင် ကပြခဲ့ တဲ့ ဂီတဓမ္မ ပြဇာတ် ကို စီစဉ်ဖန်တီး ပါဝင်ကပြ ကူညီအားပေးသူများကို လေး စားသော အားဖြင့် မည်သည့်နည်းဖြင့် တရားမဝင် ခိုးကူးမှုကိုမဆို စံပြဖြစ်အောင် ဥပဒေကြောင်းအရအရေးယူ ခံရမှာ ဖြစ် ပါတယ်...

ကြိုတင်မှာယူ သူတိုင်းဆီကို ခရစ္စမတ်အမီ ပို့ဆောင်ထားပြီးပါပြီ Handmade version များဖြစ်လို့. ကြိုတင် မှာယူ သူများကို ဦးစားပေး ပါတယ်။ အကန့်အသတ် နဲ့ ထုတ်မယ့် version ဖြစ်လို့ဦးရာလူပါ။ ထုတ်လုပ်ပေးနေတဲ့မိသားစုများကမေတ္တာတရားများစွာဖြင့် မိုးလင်းပေါက် ညပေါင်း များစွာ ဆက်တိုက် ဆောင်ရွက် နေကြပေမယ့်.ငွေကြိုတင်ပေးပို့ မှာသူများ ဆီကို မှာယူပြီး တစ်ပါတ်အတွင်း ရောက်ရှိနိုင်အောင်..အလျဉ်မှီဖို့ အထူးကြိုးပမ်း ဆောင်ရွက်နေကြရပါတယ်။

Ko Xavier Ny 0973113621.၊ Ko Bosco Sutherland 09422539166

USA .Fr. Magen David +16207571047 Cbcm Osc 01525808၊

## သန့်ရှင်းသောသနားခြင်း၏ဂျူဗလီနှစ်ဆောင်ပုဒ် ကိုပိုက် (မြန်မာစာ)

သန့်ရှင်းသောဂျူဗလီနှစ်၏ဆောင်ပုဒ်သည် ရှင်လုကာ(၆း၃၆)ကျမ်းချက်ကိုအခြေခံ၍ ခမည်းတော်ဘုရားကဲ့သို့ သနားကြင်နာတတ်ရန် လိုအပ်ကြောင်းကို ဖော်ညွှန်းခြင်းဖြစ်သည်။ ခမည်းတော်ဘုရား၏သနားတတ်သောစိတ်ကို မွေးရန်ဖြစ်၍စီရင်ဆုံးဖြတ်ရန်မဟုတ်။ ခွင့်လွှတ်ရန်၊ချစ်ခြင်းမေတ္တာပြသရန်၊ အကန့်အသတ်မဲ့ခွင့်လွှတ်ခြင်းကို ဖော်ညွှန်းခြင်းဖြစ်ပါသည်။ (ရှင်လုကာ ၆း၃၇၃၈)



သန့်ရှင်းသောဂျူဗလီနှစ်၏အမှတ်တံဆိပ်တံဆိပ်တော်သည်သနားတတ်ခြင်းကိုဖေါင်းပေးရေးဆွဲ ထားခြင်းဖြစ်ပြီး၊ ဘုန်းတော်ကြီး Father Marko I. Rupnik SJ ၏ လက်ရာဖြစ်သည်။ ဤပုံတော်သည် ရှေးဦးခရစ်ယာန်များ အမြတ်တနိုးထားခဲ့ကြသောပုံတော်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယေရှုးသခင်၏ လူ့အဖြစ်ယူခြင်း၏ နက်နဲရာမှသည် ကယ်တင်ခြင်းလုပ်ငန်းစဉ်တစ်ခုလုံးကို ဖေါ်ပြထားပါသည်။

တံဆိပ်တွင် ကောင်းသောသိုးထိန်းသည် လူသားထု၏ အသားတော်ကို နက်နက်ရှိုင်းရှိုင်း ထိတွေ့ပြီး၊ ဤထိတွေ့ခြင်းဖြင့်လူသားတို့အား အကျင့်ပြောင်းလဲခြင်းသို့ဦးတည်စေပါသည်။ ပုံတော်တွင် မြင်တွေ့ရသည့် အချက်များမှ ကျွန်ုပ်တို့ လစ်လျူရှုမရသောအချက်မှာ ကောင်းသောသိုးထိန်းသည် လူသားထုအား မိမိ၏ပုခုံးပေါ်တွင်တင်တာကယ်တင်ဆောင်ခြင်းသည် ဖော်မပြနိုင်သောသနားခြင်း ကရုဏာတော်ကိုပြသနေခြင်းဖြစ်ပါသည်။
ထို့အတူ ပခုံးပေါ်တွင်ထမ်းထားသူမှာအာဒံအားသဏ္ဍာန်ဆောင်ကာ၊ ထိုသို့ပခုံးပေါ်တွဲလွဲတင် ထားသည်ဖြစ်ရာကောင်းသောသိုးထိန်းနှင့်အာဒံ၏အကြည့်သည်တစ်ထပ်တည်းကျနေပါသည်။ ဆိုလိုသည်မှာလူသားတိုင်းသည် မိမိ၏ အနာဂါတ်အတွက်၊ ဘုရားသ ခင်၏ချစ်ခြင်း ဖြစ်သောအာဒံအသစ် (ယေရှုးသခင်) ကိုဖွေရှာရမည်ဖြစ်သည်။

တံဆိပ်တွင် မက်မွန်သီးသဏ္ဍာန်ဘောင်ထဲတွင်ထည့်သွင်းရခြင်းမှာလည်း ရှေးဦးခေတ်နှင့်အလယ်ပိုင်းခေတ်ကာလ ခရစ်ယာန်များမြတ်နိုးကြသော ပုံတော်၏ သင်္ကေတရားဖြစ်ပါသည်။ ယေရှုးသခင်၏ လူ့အဖြစ်တော်နှင့် ဘုရားအဖြစ်တော်နှစ်ခုရှိခြင်းကို ဖော်ညွှန်းနေခြင်းဖြစ်ပါသည်။ ထို့အတူအရောင် များသည် ထူထည်းနေရာမှ တဖြည်းဖြည်းပါးလာရခြင်းမှာ ယေရှုးသခင်သည် မိုက်မှောင်နေသောအပြစ်ထဲမှ လူသားကိုတဖြည်းဖြည်းခြင်းသန့်စင်ဆေးကြော ပစ်ခြင်းကိုဆိုလိုသည်။ ပြောင်းပြန် သဘောပြန်တွေးမည်ဆိုလျှင်ထူထည်းနေသောအရောင်သည်မည်သို့ပင်ဖြစ်စေကာမူခွင့်လွှတ်ပေးရန် အဆင်သင့် ရှိသော ခမည်းတော်ဘုရား၏ချစ်ခြင်းကိုဖော်ညွှန်းနေခြင်းဖြစ်ပါသည်။

## ကက်သလစ်ဆရာတော်ကြီးများဆိုင်ရာလူမှုဆက်သွယ်ရေးရုံး

**CBCM-OSC** (Catholic Bishops' Conference of Myanmar - Office of Social Communication)

မြန်မာနိုင်ငံ၏လူမှုဆက်သွယ်ရေးရုံးကို "UNDA" လာတင်းဘာသာဖြင့် လှိုင်းဟုအဓိပ္ပါယ် ရှိကာ ရေဒီယိုနှင့် ရုပ်မြင်သံကြားအတွက်ရည်ညွှန်းသည်။ "OCIC" Organization Catholique International Cinema at de l'Audiovisuael, ရုပ်ရှင်နှင့် အကြားအမြင် အတွက် နိုင်ငံတကာကက်သလစ် အစည်းအရုံးဟူ၍ ၁၉၂၈ ခုနှစ် Brussel တွင် အခြေပြုတည်ထောင်ခဲ့သည်။ " UNDA" နှင့် "OCIC"နှစ်ခုပေါင်းစပ် ၂၀၀၁ ခုနှစ်တွင် "Signis" ဟုပြောင်းလဲခေါ်ဆိုကြသည်။ "**Signis**" သည် လာတင်းဘာသာစကားဖြစ်သော **"Signum"** လက္ခဏာ နှင့် "**Ignis**" မီး ဟူသော စာလုံးနှစ်ခုကို ပေါင်းစပ်ထားခြင်း ဖြစ်သည်။ Signis သည် ကက်သလစ်သာသနာ၏ လူမှုဆက်သွယ်ခြင်းကိုအထောက်အကူဖြစ်စေသော ကဏ္ဍတစ်ခုသာဖြစ်သည်။ ပြည့်စုံသော ကက်ကလစ်လူမှု ဆက်သွယ်ခြင်းဖြစ်စေရန် လိုအပ်သည့် အင်္ဂါရပ်သုံးခုဖြစ်သော အသံ၊ ရုပ် နှင့် စာပေတို့ ပါဂင်ပေါင်းစည်းမှသာလျှင် ပြည့်စုံသောကက်သလစ် လူမှုဆက်သွယ်ရေး ဖြစ်လာပါမည်။ ထို့ကြောင့် ရဟန်းမင်းကြီး ရုံးတော်ဆိုင်ရာ လူမှုဆက်သွယ်ရေး၏ လမ်းညွှန်မှုအတိုင်း Signis အစား Office of Social Communications-**OSC** ဟု အပြည့်အစုံ သုံးနှုန်းခေါ်ဆိုခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများဆိုင်ရာလူမှုဆက်သွယ်ရေးရုံးကို ၁၉၇၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ လူမှုဆက်သွယ်ရေး တာဝန်ယူခဲ့ကြသောဆရာတော်ကြီးများမှာဂိုဏ်းချုပ်ဆရာတော်ကြီး Alphonse U Than Aung (မန္တလေး၊ ကွယ်လွန်) (၁၉၇၇ မှ ၁၉၈၀)၊ ဂိုဏ်းချုပ်ဆရာတော်ကြီး Paul Grawng မန္တလေး (၁၉၈၄ မှ ၁၉၈၄)၊ ဆရာတော်ကြီး Isaac Danu တောင်ငူ(၁၉၈၅ မှ၂၀၀၀)၊ ဆရာတော်ကြီး Peter Hlaဖယ်ခုံ(၂၀၀၀ မှ ၂၀၁၄)၊ ဆရာတော်ကြီး Peter Louis Ca Ku ကျိုင်းတုံ (၂၀၁၄ မှ လက်ရှိ)သာသနာ အသီးသီးတို့ဖြစ်ပြီး ဘုန်းတော်ကြီးများမှာ Fr. Anthony TheinAungတောင်ငူ(၁၉၇၇ မှ ၁၉၈၄)၊ Fr. Stephen U Cho ပုသိမ်(၁၉၈၅ မှ ၁၉၈၉)၊ Fr.RaphaelMahnThakhkleinပုသိမ် (၁၉၈၉ မှ ၂၀၀၀)၊ Fr. Marthinn Aye Ngweပုသိမ်(၂၀၀၀ မှ ၂၀၀၃)၊ Fr. Benedict Htay Lwinရန်ကုန်(၂၀၀၄ မှ ၂၀၁၀)နှင့် Fr. LeoMang (sdb) (၂၀၁၁ မှ လက်ရှိ)တို့က တာဝန်အသီးသီး ထမ်းဆောင် ကြပါသည်။
(CBCM-OSC)

# သနားကြင်နာခြင်းသည်လူသားထုအတွက်ပထမဦးဆုံးနှင့်အကောင်းဆုံးဆေးတစ်လက်

အနာသိလျှင်ဆေးရှိသည်။ထို့ကြောင့်အနာတစ်ခုခုဖြစ်လာလျှင်ဖြစ်လာရခြင်း၏အကြောင်းအရင်းကိုဦးစွာသိရန်လိုပါသည်။သို့မှသာအနာနှင့်တည့်မည့်ဆေးကိုရှာဖွေနိုင်၊ အကြံပေးနိုင်မည်။ တစ်ခါတစ်ရံ၌အနာနှင့်ဆေးမတည့်၍ ဆေးသည်အနာကိုပို၍ဆိုးရွားသွားစေပါသည်။

ကျမ်းစာတော်မြတ်ထဲ၌လည်း ဘုရားသခင်သည် ယဇ်ပူဇော်ခြင်းကိုမဟုတ် သနားကြင်နာတတ်ခြင်း၊ ဘုရားသခင်၏ နှုတ်ထွက်စကားတော်ကိုနားထောင်နာခံတတ်ခြင်းကိုပို၍ နှစ်သက်ကြောင်း ဓမ္မဟောင်း၊ ဓမ္မသစ်ကျမ်းနှစ်စောင်လုံး၌ အသားပေးဖော်ပြထားပါသည်။ အဘယ်ကြောင့်ဆိုသော်သနားကြင်နာခြင်းအမှု၊ နားထောင်နာခံခြင်းအမှုသည် ယဇ်ပူဇော်ခြင်းထက်အဆများစွာခက်ခဲပါသည်။ ထို့ကြောင့်လူသားများသည် ခက်ခဲသောအရာထက်၊ အသီးအပွင့်ကို လွယ်ကူလျှင်မြန်စွာမြင်တွေ့ခံစားနိုင်သောအရာများကို ဦးစွာလုပ်ဆောင်တတ်ကြပါသည်။ စိတ္တဇနာမ်၏ရလာဘ်မှုကားဖျဉ်းနှေးလေ့ရှိသည်။ သို့သော်မှန်ကန်ပါက အလွန်တန်လှသော အကျိုးကိုဖြစ်ထွန်းစေပါသည်။

ထို့ကြောင့် သနားကြင်နာခြင်းသည် ရောဂါပေါင်းစုံစွဲကပ်ခံစားနေရသော၊နာတာရှည်ဝေဒနာသည် လူမှုအသိုင်းအဝိုင်းအတွက် ပထမဦးဆုံးနှင့် အမှန်ကန်ဆုံး ဆေးကောင်းတစ်လက်ဖြစ်သည်။ဤဆေးကိုကျွန်ုပ်တို့အားလုံးအရေးတစ်ကြီးလိုအပ်နေကြသည်ဟုရဟန်းမင်းကြီးဖရန်စစ်ကမီးရထားဝန်ထမ်းများနှင့်တွေ့ဆုံစဉ်တွင်လွန်ခဲ့သောနှစ်ပတ်ခန့်ကကြေငြာခဲ့သောသန့်ရှင်းသောဘုရားသခင်၏သနားကြင်နာခြင်းဂျူဗလီနှစ်အကြောင်းနှင့်စပ်လျဉ်း၍ မြွက်ကြားလိုက်ခြင်းဖြစ်ပါသည်။ ဝန်ထမ်းများမှာ(၇၀၀၀)ခန့်ရှိမည်ဖြစ်ပြီး၊ နိုင်ငံတော်၏အရေးကြီးသောသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနမှဖြစ်ပါသည်။ သယ်ယူပို့ဆောင်ရေးသမိုင်းကိုကြည့်မည်ဆိုလျှင် အတိတ်၊ပစ္စုပန်ကာလနှစ်ခုစလုံး၌ကိုယ်ပိုင်ယဉ်များအသုံးမပြုနိုင်သော အခြေခံလူတန်းစားများအား ပုံစံအမျိုးမျိုးဖြင့်၊ ဂရုတစ်စိုက် အလုပ်အကျွေး ပြုနေခြင်းဖြစ်သည်။

သယ်ယူပို့ဆောင်ရေးအဆင်ပြေစေရန်ရထားလမ်းများတည်ဆောက်ခဲ့စဉ်၌လည်းမတော်တဆမှုများကြောင့် ဝန်ထမ်းများ၏ အသက်လည်းဆုံးရှုံး ခဲ့ရသည်များလည်းရှိပါသည်။လုပ်ငန်းသုံးစက်ကိရိယာများ၏အားနည်းချက်များကြောင့်တစ်ချိန်ကဖြစ်ပျက်ခဲ့ရသော်လည်းယခုအခါအဆိုပါမတော်တဆမှုများမဖြစ်စေရန်ကိုလည်းသတိ ဖြင့်ရှောင်ရှားရပေမည်။

အခြေခံလူတန်းစားများနှင့်တစ်သားတည်းရှိကြောင်းပြသခြင်းဟုဆိုရာ၌၊ အီတလီနိုင်ငံနေရာအတော်များများတွင် ဖွင့်လှစ်၍ စောင့်ရှောက်မှုပေးနေသော အကူအညီလိုအပ်သည့်ဂေဟာများကိုလည်းမေ့လျော့၍မရ။ ၄င်းတို့သည်အလုပ်လက်မဲ့ဖြစ်သွားသောကြောင့်သော်လည်းကောင်း၊ အချိုပ်အဆက်ရှိ၍ အလုပ်အခွင့်အရေးများမရနိုင်ခြင်း၊လိုအပ်သောအတတ်ပညာများမဲ့နေ၍သော်လည်းကောင်း အကြောင်းများကြောင့်ဖြစ်ရာ၊ဝန်ထမ်းများအနေဖြင့်အသိပေး၍သော်လည်းကောင်း၊ ပညာပေး၍သော်လညးကောင်း၊အကြံအဉာဏ်များပေး၍သော်လည်းကောင်း ကူညီခြင်းဖြင့် သူတို့၏ဘဝဒုက္ခကို ပေါ့ပါးလျော့နည်းသွားစေနိုင်ပါသည်။ ဤသူများတို့ကိုပထဂီအနေအထားအရသာမက၊ လူမှုရေး အရလည်းစုစည်းမှုပေးနိုင်သူများမှာရထားပို့ဆောင်ရေးဝန်ထမ်း များ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော်ခရီးသွား လာခြင်းဖြင့်သိလာ၊ တွေ့လာမည်ဖြစ်သည်။



**သန့်ရှင်းသောတံခါးတော်**

ကျန်အရေးကြီးသောတစ်သားတည်းကျကြောင်းပြသရန်မှာ Termini ဘူဒါရုံ တွင်လည်း ဘုန်းတော်ကြီး Luigi Di Liegro ကိုရည်စူး၍တည်းခိုဆောင်တစ်ခုဖွင့်လှစ်ထားပါသည်။ သူသည်ရောမမြို့၏ကရုဏာရေးအသင်းကိုစပြုခဲ့သူလည်းဖြစ်ပါသည်။ ထိုတည်းခိုဆောင်တွင်လည်းလာရောက်တည်းခိုသောသူများအား အဆင်အပြေဆုံးနည်းဖြင့်ဝန်ဆောင်မှုပေးခြင်း၊ အခြေခံလိုအပ်ချက်များကို ပေးရန်ဖြစ်ပါသည်။ လွန်ခဲ့သောနှစ်ပတ်ခန့်ကအစပြုခဲ့သောသန့်ရှင်းသောသနားသောကရုဏာနှစ်သည်ဤအတွေးများကို ပို၍ရုပ်လုံးကြွလာစေပါသည်။သနားကြင်နာခြင်းသည်ရောဂါ ပေါင်းစုံ စွဲကပ်ခံစား နေရသော၊ နာတာရှည်ဝေဒနာသည် လူမှုအသိုင်းအဝိုင်းအတွက် ပထမဦးဆုံးနှင့် အမှန်ကန်ဆုံး ဆေးကောင်းတစ်လက်ဖြစ်သည်။

ဤဆေးကိုကျွန်ုပ်တို့ အားလုံးအရေးတစ်ကြီးလိုအပ်နေကြသည်ဟုကျွန်ုပ်တို့၏အာရုံထဲ၊ စိတ်ထဲစွဲထင်နေရပေမည်။ ဤသနာခြင်းသည် ဘုရားသခင်ထံမှ မခမ်းမခြောက်နိုင်အောင်စီးဆင်းရနေသကဲ့သို့ကျွန်ုပ်တို့သည်လည်း တစ်ပါးသူအားပြသရပေးခြင်းဖြင့်၄င်းတို့ သည်မိမိတို့ ၏ဘဝကိုပြည့်ဝစွာရှင်သန်ခွင့်ကိုပေး ရမည်ဖြစ်သည်။

ကမ္ဘာတစ်ပှမ်းရှိသာသနာတိုင်း၌ဖွင့်လှစ်ခဲ့သောသန့်ရှင်းသောဂျူဗလီတံခါးအားဖြင့်ကျွန်ုပ်တို့သည်ချိပ်စက်လိုက်ခြင်းဖြစ်ပါသည်။ထို့အတူ Terminiဘူတာရုံရှိတည်းခိုဆောင်သည်လည်းကရုဏာရေးလုပ်ငန်း၏သန့် ရှင်းသောတံခါးတော်ဖြစ်လာပါသည်။ ထိုအဆောင်တံခါးမှဖြတ်သွားဖြတ်လာခြင်းဖြင့် ၄င်းတို့ ညီအစ်ကိုတို့၏ ကယ်တင်ခြင်းအတွက် လိုအပ်သောခွင့်လွှတ်ခြင်း၊ နှစ်သိမ့်ခြင်း၊ ပိုမို၍ရက်ရောစွာပေးကမ်းနိုင်ရန် ကျေးဇူးတော်ကိုခံစားရပေမည်။ ကျွန်ုပ်တို့၏ အသက်တာကိုဤသန့်ရှင်းသောလဂျူဗလီတံခါးမှဖြတ်လျှောက်ခြင်းဖြင့်ပြောင်းလဲသွားခွင့်ကိုပေးကြပါစို့။ သို့ဖြင့်ကျွန်ုပ်တို့၏ အတွင်းစိတ်ကိုပြောင်းလဲသွားစေမည်။ ဤသနားခြင်း၏ဂျူဗလီနှစ်၌ကျွန်ုပ်တို့ တက်ကြွစွာပါဝင် ခြင်းဖြင့်ကျွန်ုပ်တို့ ၏အသိုင်းအဝိုင်းကိုပို၍သန့် ရှင်းတောက်ပြောင် လာရန်၊ ညီအစ်ကိုမောင်နမစိတ်ဓာတ်ပိုမိုပေါ် ပေါက် လာရန်အသုံးချကြပါစို့ ဟုတိုက်တွန်းခဲ့ပါသည်။

'*Mercy Is First and Truest Medicine for Humanity,' Says Pope (ZENIT'*)

## ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ်ဆရာတော်ကြီးကာဒီနယ်ချားလ်စ်ဘို ၏ ဆရာတော်ဂါ (၂၅) ဂါပြည့် ငွေစင်ဂျူဘီလီပွဲတော်





ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ်ဆရာတော်ကြီးကာဒီနယ်ချားလ်စ်ဘို ၏ ဆရာတော်ဂါ (၂၅)ဂါပြည့် ငွေစင်ဂျူဘီလီပွဲတော်ကို ပွဲကျင်းပရာ စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ်၊ မုံလှကျေးရွာတွင်(ဒီဇင်ဘာ)လ (၁၄)ရက်မှ(၁၇)ရက်နေ့အထိကျင်းပခဲ့ပါသည်။ ထိုပွဲတော်သို့ ကက်သလစ်ဆရာတော်ကြီး(၉)ပါး၊ သီတဂူ ဆရာတော်အရှင်ဉာဏိသာရ၊ မြဂတီဆရာတော်၊ ကက်သလစ်ဘုန်းတော်ကြီးအပါး(၇၀)ကျော်၊ ဂိုဏ်းအသီးသီးမှကိုရင်များ၊ သီလရှင်များ၊ ဘာသာတူ (၂၀၀၀၀)ကျော် ပါဝင်တက်ရောက်ခဲ့ပါသည်။ (ဒီဇင်ဘာ)လ (၁၄)ည (၇)နာရီတွင် ကာဒီနယ်အားကြိုဆိုခြင်းအခန်းအနားကိုပြုလုပ်ခဲ့ရာ မန္တလေး ကက်သလစ် ဂိုဏ်းချုပ်သာသနာကိုယ်စားပြု ဂိုဏ်းချုပ်သာသနာလုံးဆိုင်ရာ လူငယ်ကော်မရှင်အဖွဲ့မှ ဂုဏ်ပြုလက်ဆောင်နှင့်တေးသီချင်း တို့ဖြင့် ကြိုဆို ဂုဏ်ပြုခဲ့ကြသည့်အတွက် ကာဒီနယ်ကြီးချားလ်စ်ဘိုမှလည်းကျေးဇူးတင်စကားမြွက်ကြားခဲ့ကြောင်း၊ (ဒီဇင်လာ) လ (၁၅) ရက်နေ့ နံနက်(၇)နာရီ တွင် ဦးပဥ္စင်းကြီးသိက္ခာတင်ခြင်းပြုလုပ်ခဲ့ကြရာ ဦးပဥ္စင်းကြီး(၅)ပါးတို့သည် ဆရာတော်ဂျွန်စောယောဟန်၏လက်တော်မှ သိက္ခာခံယူခဲ့ကြောင်း၊ မွန်းလွဲ (၂)နာရီခွဲ တွင် သီတဂူဆရာတော်အရှင်ဉာဏိသရမှ တရားဟောကြားရာ မုံလှရွာပတ်ဝန်းကျင်မှ ဗုဒ္ဓဘာသာဝင် (၂၀၀၀၀)ကျော်လာရောက်တရား နာခဲ့ ပါသည်။ သီတဂူဆရာတော်ကြီးသည် ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်စွာရှိရေး။ ကမ္ဘာကြီးတွင်လူမျိုးဘာသာမခွဲခြားဘဲ အတူတကွစည်းလုံး ညီညွတ်စွာ ဖြင့်နေထိုင်သွားကြပါက ကမ္ဘာကြီးသည်ငြိမ်းချမ်းသာယာမည်ဖြစ်ကြောင်း တရားကိုမြွက်ကြားခဲ့ပါသည်။(ဒီဇင်လာ) လ (၁၆) ရက်နေ့ နံနက်(၇)နာရီတွင် ဂျူဘီလီမိဿားတရားတော်မြတ်ကို ကျင်းပပြုလုပ်ခဲ့ပါသည်။ ဂျူဘီလီမိဿားတရားတော်မြတ်တော်တွင် ကာဒီနယ်၏ သမိုင်းအကျဉ်းကို ဖတ်ကြားခြင်း၊ ရဟန်းမင်းကြီးဖရန်စစ်ထံမှပေးပို့လာသော စာလွှာဖတ်ကြားခြင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ခရစ်ယန်များကောင်စီမှပေးပို့လာသော စာလွှာဖတ်ကြားခြင်း စသည့်ဂုဏ်ပြုစာလွှာများကိုဖတ်ကြားကာ မိဿားတရားတော်ကိုဆက်လက်ကျင်းပပြုလုပ်ခဲ့ပါသည်။ မိဿားတရားတွင် ကာဒီနယ်ကြီးက ဩဝါဒမြွက်ကြား ရာတွင် ရင်ထဲတွင်ရှိသည့်အတိုင်းကိုယ့်ဇာတိရွာတွင် ဂျူဘီလီပွဲတော်ကျင်းပခွင့်ရသည့်အတွက် ဘုရားသခင်အား ကျေးဇူးတင်ကြောင်း၊ သစ်တစ်ပင်သည် မည်မျှပင်ကြီးထွားနေသော်လည်း သူ၏အမြစ်များပြတ်သွားလျှင်မကြီးထွားနိုင်တော့သည့်အတိုင်း ဆရာတော်သည်လည်း ကိုယ်၏မွေးဖွားရာဇာတိကို ရင်ထဲမှာ အမြဲထည့်ထားသကဲ့သို့ဘဝမေ့မသွားကြောင်း၊ စုံလင်ခြင်းသည်ကျွန်ုပ်တို့အတွက်အလွန်အရေးကြီးကာ ဘုရားသခင်၏သနားကြင်နာခြင်း အောက်တွင်နေကြသကဲ့သို့ ကျွန်ုပ်တို့အချင်းချင်းသည်လည်း သနားကြင်နာခြင်းဖြင့် နေထိုင်သွားကြရန်မိန့်ကြားခဲ့ပါသည်။မွေးရပ်မြေတွင် ဂျူဘီလီ ကျင်းပရခြင်း၏ရည်ရွယ်ချက်မှာ မုံလှရွာ၏ မြောက်ဘက်ပိုင်းတွင် ဗုဒ္ဓဘာသာဝင်များ နေထိုင်ကြကာ တောင်ပိုင်းတွင် ကက်သလစ်ခရစ်ယန်များ နေထိုင်ကြကြောင်း၊ ဘိုးဘွားစဉ်ဆက်ကတည်းက စည်းလုံးညီညွတ်စွာ အတူနေထိုင်လာကြကြောင်း၊ ဘာသာမတူ လူမျိုးမတူသော်လည်း စည်းလုံး ညီညွတ် ကြသည်ဟူသောရည်ရွယ်ချက်ဖြင့် ဤပွဲတော်ကိုကျင်းပရခြင်း ဖြစ်ကြောင်း မိန့်ကြားခဲ့ပါသည်။

### ရဟန်းမင်းကြီး ဖရန်စစ်ထံတော်မှပေးပို့သောသဝဏ်လွှာ




လေးစားအပ်လှသော ကျွန်ုပ်တို့၏ ညီတော် ချားလ်စ်ဘို SDB၊ သန့်ရှင်းသော ကက်သလစ် အသင်းတော်၏ကာဒီနယ်၊ ရဟန်းမင်းကြီး၏အမတ် ရန်ကုန် ဂိုဏ်းချုပ်သာသနာပိုင်ဆရာတော၊

လေးစားအပ်လှပါသောညီတော် သင်သည် ဝိညာဉ်ရေးရာဝမ်းမြောက်ရွှင်လန်းခြင်းများစွာဖြင့် သင်၏ ဆရာတော်ဝါတော် ၂၅ နှစ်ပြည့် ပွဲတော်ကို ဒီဇင်ဘာလအတွင်း ပျော်ရွှင်စွာကျင်းပမည်ဟု ကြားသိရ ပါသည်။ ရဟန်းတော်များနှင့် ဘာသာသူများစွာတို့၏ အလျှံပယ်သော ပျော်ရွှင်ခြင်းအား ကျွန်ုပ်တို့ ထပ်ဆင့် ပေါင်းစပ်ပေးလိုပါသည်။ အကြောင်းမှာ သံပေတရူး၏ အရိုက်အရာဆက်ခံသူ အနေနှင့် လည်းကောင်း၊ ယုံကြည်အပေါင်းတို့၏ ဖခင်အဖြစ်လည်းကောင်း အသင်းတော်အတွက် ညီတော် ပေးဆပ်ခဲ့သောသိုးထိန်းလုပ်ငန်းဆောင်တာများကိုညီအစ်အကိုတို့၏ချစ်ခြင်းမေတ္တာ၌လည်းကောင်း၊ စည်းလုံးညီညွတ်ခြင်း၌လည်းကောင်းကျေးဇူးတင်ခြင်းဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်ခြင်း ဖြင့် အသိအမှတ်ပြုလိုပါသည်။

နပိုျစဉ်ငယ်ရွယ်ကပင်ဆရာသခင်နောက်တော်သို့လိုက်ရန်ရဟန္တာဖရန်စစ်ဆေးလ်၏အသင်းဂိုဏ်းသို့ ဝင်ရောက်ခဲ့သည်။ ဖီလော်ဆော်ဖီ၊ သီအော်လော်ဂျီ ပညာရပ်များအား လေ့လာဆည်းပူးပြီး ရဟန်းတစ်ပါး သိက္ခာခံယူခဲ့သည်။ ထို့နောက် ဆလေးရှင်းအသင်းဂိုဏ်းမှပေးအပ်သော တာဝန် အသီးသီးကို မဆုတ်မနစ်သော ဖွဲလုံ့လ အပြည့်ဖြင့် ထမ်းဆောင်ခဲ့သည်။ (အဆက် စာ-၆ )

(ကာဒီနယ် ဂျူဘီလီ မှ အဆက်)



၁၉၈၆ ခုနှစ်တွင်သန့်ရှင်းမြင့်မြတ်စွာ အမှတ်ရနေရသောကျွန်ုပ်တို့၏ ရဟန်မင်းကြီး ရဟန္တာ ဒုတိယ မြောက် ယောဟန်ပေါလူးက သင်၏ စိတ်ဓါတ်နှင့် အသင်းတော်ဆိုင်ရာ ဗဟုသုတများကြွယ်ဝမှု၊ ဆလေးရှင်း အသင်းဂိုဏ်း၏ စည်းမျဉ်းဥပဒေများကို လိုက်နာစောင့်ထိန်းမှု စသည့် ထင်ပေါ်သော ညီတော်၏ အရည် အချင်းများကို အသိအမှတ်ပြုပြီး လားရှိုးသာသနာနယ်၏ အကြီးအမှူး တမန်တော် (Prefect Apostolic of the Prefecture of Lashio) အဖြစ်ခန့်အပ်ခဲ့ပြီး လေးနှစ်ပြည့်ပြီး သောအခါ  ထိုသာသနာ၏ ဂိုဏ်းအုပ် ဆရာတော်အဖြစ် တင်မြှောက်ခဲ့ပေသည်။ ထို့နောက် သင့်အား ပုသိမ်ဂိုဏ်းအုပ်သာသနာ၏ ဆရာတော် အဖြစ် ရွှေ့ပြောင်းခန့်အပ်ခဲ့သည်။ တချိန်တည်းမှာပင်လစ်လပ်သွားသောမန္တလေး ဂိုဏ်းချုပ် သာသနာ၏ ထိန်းသိမ်းစောင့်ရှောက်သူတမန်တော် (Apostolic Administrator) အဖြစ်လည်း ထမ်းဆောင်ခဲ့သည်။



ထို့နောက် ၂၀၀၃ ခုနှစ်တွင် ရန်ကုန်ဂိုဏ်းချုပ်သာသနာ၏ ဂိုဏ်းချုပ်သာသနာပိုင်အဖြစ် ခန့်အပ်ခံခဲ့ရသည်။ ယခုနှစ်တွင် ကျွန်ုပ်တို့သည်လည်း ညီတော်အား ရဟန်းကြီး၏ အမတ်များ အသိုင်းအဝန်းတွင် St.Irenaeus of Centumcellae ဘွဲ့ထူးနာမဖြင့် လက်ခံ ကြိုဆိုခဲ့သည်။



သိုးထိန်းတစ်ပါး၏ ကြီးမားသောလုပ်ငန်းတာဝန်များ အထူးသဖြင့်ဂရုဏာရေး လုပ်ငန်း စဉ်များကို ဆောင်ရွက်ရင်း ဆရာသခင်ခရစ်တော်ရှင် နှင့် သင်၏ဖခင် ရဟန္တာ ဒွန်ဘော့စကိုတို့၏ ပုံသက်သေကို အတုယူပြီး သင့်အား အပ်နှင်းထားသော သိုးစုအားအုပ်ချုပ်စီရင်ခြင်း၊ သန့်ရှင်းစေခြင်း လုပ်ငန်းစဉ် များကို စွမ်းအားရှိသမျှ ထမ်းဆောင်ခဲ့သည်။ သူတို့အား ဧဝံဂေလိသတင်းကောင်းကို ဟောပြောကြေငြာရင်း မှန်ကန်သောတရားလမ်းကို သင်ကြားပေးကာ ထာဝရ ကယ်တင်ခြင်းသို့ ဦးဆောင် ညွှန်ခဲ့သည်။ "ယဉ်ကျေးမှု ထုံးတမ်းဓလေ့ အားလုံးကို စုံလင်စေခြင်းငှါ" သူတို့အား လောကီ၊ လောကုတ္တရာပါရမီများကို ဆည်းပူး ကျင့်ကြံကြရန် တိုက်တွန်းနှိုးဆော်ခဲ့သည်။



မြန်မာနိုင်ငံဆရာတော်ကြီးများအဖွဲ့ချုပ်အတွက်လည်းကောင်း၊  သင်၏နိုင်ငံတော်အတွက်လည်းကောင်း ချီးကျူးထိုက်လှသော သင်ထမ်းဆောင်ခဲ့သော လုပ်ငန်းတာဝန်များကို ကျွန်ုပ်တို့ သိကြပါသည်။ သင်၏ ရဟန်းတော်များအတွက် လည်းကောင်း၊သိုးထိန်းလုပ်ငန်းစဉ်များ သင့်တင့်သောစနစ်တစ်ခုဖေါ်ဆောင်ရန်အတွက်လည်းကောင်းအထူးဂရုစိုက်ဆောင်ရွက်ခဲ့ခြင်းများနှင့်ပုပ်ရဟန်းမင်းကြီးအပေါ်ကျိန္စ္စနာခံ တတ်ခြင်းများကို ကျွန်ုပ်တို့ သိမှတ် ကြ ပါသည်။ ဤဆောင် ရွက်ချက် များအတွက်သင်ထိုက်တန်သောချီးမွမ်းဂုဏ်ပြုခြင်းကိုကျွန်ုပ်တို့ပြုလုပ်ပေးကြ ပါသည်။

ထို့ကြောင့်လေးစားထိုက်သောညီတော်သင့်အသက်တာ၏တောက်ပသောဤနေ့၌သင့်အပေါ်ထာဝရဘုရားသခင်သွန်းလောင်းနေတော်မူသော ကောင်းမြတ် ခြင်းတို့ကို အသိအမှတ်ပြုလျှက် ထိုသခင်ကို ထိုက်သင့်စွာ ချီးမွမ်းခြင်းတေးကို သီဆိုကာ ပွဲတော်ကျင်းပလိုပါသည်။ "ကျွန်ုပ်၏ ကျောက် ဆောင်၊ ကျွန်ုပ်၏ မိုခိုရာ၊ ကျွန်ုပ်အား ရွေးနှုတ်ကယ်တင်သူ အိုကျွန်ုပ်၏အရှင်သခင် ကျွန်ုပ်၏ ခွန်အား ဖြစ်သောသခင် ကိုယ်တော်အား အကျွန်ုပ်ချစ်ခင်မြတ်နိုးပါသည်။" (ဆာလံ ၁၈း၂-၃) ကျွန်ုပ်တို့ ဝိညာဉ်အား ကာကွယ်စောင့်ရှောက်သော သိုးထိန်းတော်အရှင် ခရစ်တော် သခင်သည် (cfr ၁ပီတာ ၂း၂၅)ခရစ်ယာန်တို့အား မှိုင်းမသောမယ်တော်သခင်မ၏စောင်မခြင်းနှင့်အတူသင့်အားထိုက်သင့်သော ကောင်းကင်ကျေးဇူးတော်များနှင့် သင်၏လုပ်ငန်းတာဝန်များကို ကာကွယ် စောင့်ရှောက် ပါစေ။ သင့်စိတ်နှလုံးသားအား ပြည့်ဝစေကာ ခိုင်မာစေလျှက် ပျော်ရွှင်မှုတို့ဖြင့် နှစ်သိမ့်ပေး ပါစေသော်။

ဘုရားသခင်အား ပူဇော်ပေးသောကျွန်ုပ်တို့၏ဤနှုတ်ဆက်ဆုတောင်းခြင်းနှင့်အတူ လေးစားအပ်ပါသော ညီတော် သင့်အပေါ်နှင့် သင်၏လက်ထောက်ဆရာတော်နှင့် ရန်ကုန်အသင်းတော်မိသားစုအပေါ်သို့ ပေတရုနှင့်ပေါလူးတို့၏ သန့်ရှင်းသော အမိမြို့တော်မှ တမန်တော်တို့၏ ကောင်းကြီးမင်္ဂလာတော် ကို ခရစ်တော်၌ သွန်းလောင်း ပေးလိုက်ပါသည်။

အလွန်ချစ်ခင်ရပါသော မြန်မာပြည်ရှိ သားသမီးအပေါင်းတို့ ယုံကြည်ခြင်း၌ တည်ကြည်ခိုင်မာကြပါ။ မျှော်လင့်ခြင်း၌ ပျော်ရွှင်ကြပါ။ မြင့်မြတ်သော ချစ်ခြင်းမေတ္တာ၌ ဖွံ့လုံ့လရှိကြပါ။

ကျွန်ုပ်တို့၏ ရဟန်းမင်းကြီးသက်တမ်း တတိယမြောက်နှစ်တွင် ဗာတီကန် မြို့တော်မှ ပေးပို့လိုက်ပါသည်။
ဖရန်စစ် (နိုဝင်ဘာလ ၆ ရက် ၂၀၁၅ ခုနှစ်)



## ကျေးဇူးတင်ခြင်း

ကာဒီနယ်ချားလ်စ်ဘို၏ ဆရာတော်ဂါ(၂၅နှစ်)ပြည့် ပွဲကျင်းပရာ စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ် မုံလှကျေးရွာတွင် အောင်အောင်မြင်မြင် ကောင်းမွန်စွာကျင်းပနိုင်သည့်အတွက်ဘုရားရှင်ကိုကျေးဇူးတင်ပါ၏။ ပွဲတော်တစ်ခုလုံးအတွက်အသံပိုင်းဆိုင်ရာနှင့်ဖျော်ဖြေရေးအပိုင်းတွင် လိုအပ်ချက်များကို နားလည်မှုကြီးမားစွာနှင့်ဝိုင်းဝန်းပံပိုးပေးကြသူများ အားလုံးအားလုံးကို ကျေးဇူးတင်ပါသည်။ အထူးသဖြင့်ယုံကြည်မှုအပြည့်အဝဖြင့် လိုအပ်ရာ ကွက်လပ်လေးကိုဖြည့်ပေးခွင့်ပေးသော Cardinal Charles Bo နှင့်တာဝန်ရှိသူအားလုံး၊ မိမိတို့၏အနုပညာအတွက် အခကြေးငွေ လုံးဝမယူပဲ မေတ္တာသက်သက်ဖြင့်(နှစ်)ညဆက်တိုက်တီးခတ်သီဆိုကပြခဲ့ကြသည့်CCAAမိသားစုကိုလည်းကောင်း၊ ဂက်ပြခြင်းကိုဦးဆောင်ပေးကြသော ကွာယာ စီစီးလျားကို လည်းကောင်း၊ ပွဲတော်အတွင်း သွားလာရေး အစဉ်ပြေစေရန် ကားနှစ်စီး(Mini bus & Van saloon) အခမဲ့ အသုံးပြုခွင့်ပေးသော Salesianဂိုဏ်းကို လည်းကောင်း၊ တိုင်းရင်းသား အကများဖြင့် အားဖြည့် ပါဝင်ပေးကြသော မြစ်ကြီးနားသာသနာ၊ လားရှိုးသာသနာ၊ ပုသိမ်သာသနာများ ကိုလည်းကောင်း၊ Mediaပိုင်းတွင် ကူညီပေးသည့် MDY-OSCလည်းကောင်း၊ ပွဲတော်သတင်းများကို update လုပ်ပေးသော RVA မြန်မာပိုင်းတာဝန်ခံကို လည်းကောင်း၊ မုံလှကျောင်းထိုင်ဘုန်းတော်ကြီးနှင့်တာဝန်ရှိသူများစသဖြင့်အားလုံးသောအားလုံးကိုကျေးဇူးတင်ပါကြောင်း ကက်သလစ် ဆရာတော်ကြီးများဆိုင်ရာ လူမှုဆက်သွယ်ရေးရုံးမှ မှတ်တမ်းတင်အပ်ပါသည်။ ဘုရားရှင်၏ကောင်းချီးတော်၊ သူငယ်တော်၏ ငြိမ်သက်ခြင်းသည် ကျွန်ုပ်တို့နှင့် အစဉ်ရှိပါစေသော်။

Fr. Leo Mang (sdb) (CBCM-OSC Director)



## ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ခရစ်တော်မွေးနေ့ပွဲတော်

(မော်လမြိုင်သာသနာ)

မော်လမြိုင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ခရစ်တော်မွေးနေ့ပွဲတော်ကို (၁၈.၁၂.၂၀၁၅) ညနေ (၆)နာရီ တွင် ညနေစာနှင့်အတူ စုပေါင်းကျင်းပပြုလုပ်ခဲ့သည်။ ထိုပွဲတော်ကို မွန်ပြည်နယ်ဝန်ကြီးချုပ်ဦးအုန်းမြင့်၊ ဝန်ကြီးများနှင့်ဌာနအသီးသီးမှ လူကြီးများ တက်ရောက်အားပေးခဲ့သည်။ခရစ်တော်မွေးနေ့ပွဲတော် ညနေစာစားပွဲကိုနှစ်ပိုင်း ပြုလုပ်ခဲ့သည်။ ပထမအပိုင်းမှာဂုဏ်ပြုဆုတောင်းခြင်းနှင့်ဒုတိယမှာခရစ်မတ်တေးသီးချင်းများ သီဆိုတင်ဆက်ခြင်းဖြစ်သည်။

ဤပွဲတော်ကို အဖွင့်အမှာစကား ခရစ်မတ်သတင်းကောင်းကို ချီးမြှင့်ပြောကြားကာ အဖဆရာတော်ဘုရား ရေမွန်စောဖိုးရေ က '*ကောင်းကင်မြေကြီး သတ္တဝါအပေါင်း ငြိမ်သက်ခြင်းရှိစေသတည်း၊ စိတ်ကောင်းနှလုံးကောင်းရှိသူတို့ ပျော်ရွှင်ငြိမ်းချမ်း သာယာခြင်း ရှိစေသတည်း* "လုကာ ၂း၁၄" ကို အခြေခံ၍ ခရစ်မတ်သတင်းကောင်းကို ပြောကြားခဲ့သည်။ အဖဆရာတော်ဘုရား အဖွင့်အမှာစကား ခရစ်မတ်သတင်းကောင်း ပြောကြားပြီးနောက် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်မှ အမှာစကား ပြောကြားခဲ့သည်။ ဝန်ကြီးချုပ်သည်..."*ကျွန်နော် ခရစ်မတ်ပွဲတော်ကို ငယ်ငယ်ကတည်းက ပျော်ပျော်ရွှင်ရွှင် ပါဝင်ခဲ့ဖူးပါတယ်။ အခုလည်း မော်လမြိုင်မှာ တာဝန်ထမ်းဆောင်တဲ့အခါမှာလည်း နှစ်တိုင်း ဒီခရစ်ယာန်ဂိုဏ်းပေါင်းစုံနှင့်အတူ ပါဝင်ခွင့်ရတယ်။ Merry Christmas Merry Christmas Merry Christmas*" သုံးခါ လူပရိတ်သတ်တွေကို နှုတ်ဆက်ပြီး အမှာစကား အဆုံးသတ် ခဲ့သည်။ မော်လမြိုင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ခရစ်တော်မွေးနေ့ပွဲတော်ကို ခရစ်ယာန်ဂိုဏ်းအသီးသီးမှာ အသင်းသူအသင်းသားများ စုစုပေါင်း (၂၅၀)ပါဝင်ခဲ့သည်။

**(MLM-OSC)**



## မွေးနေ့ပွဲ

(ပုသိမ်သာသနာ)

ပုသိမ်ဂိုဏ်းအုပ်သာသနာပိုင် တွင်၂၀၁၅ခုနှစ် ဒီဇင် ဘာလ၁၅ရက်နေ့တွင် ကျရောက်သော အဖဆရာတော်ဂျွန်မန်းဆိန်းဟိုဦး၏ (၆၂) မြောက် မွေးနေ့ပွဲတော်ကိုပုသိမ်မြို့စိန်ပီတယ်ဘုရားကျောင်းတော်ကြီးတွင် စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်..မွေးနေ့ပွဲ၏အကြို ၁၄၊၁၂၊၂၀၁၅ ည နေ (၇) နာရီတွင် အဖဆရာတော်ဘုရားအား ရဟန်းတော်များ..ကိုရင် များ၊ Bro.Sr များ၊ ဘာသာသူများ၊ သာသနာ့အကျိုးတော်ဆောင်များနှင့် ဓမ္မဆရာ၊မများက လက်ဆောင်ပေးခြင်း.သီဆိုတီးမှုတ်ခြင်း၊ အကပ ဒေသာများအားဖြင့်မွေးနေ့ရှင် အဖဆရာတော်ဘုရားကို ဂုဏ်ပြုနှုတ်ဆက် ခဲ့ကြပါသည်။ ၁၅၊၁၂၊၂၀၁၅ အင်္ဂါနေ့ နံနက် ၆:၃၀တွင် အဖဆရာတော် ဘုရားဦးဆောင်ပြီး ရဟန်း တော်များခြံရံလျက်မွေးနေ့မစ္ဆားတရားတော်ကိုပူဇော်ကြပါသည်။မိစ္ဆားတရားတော်မြတ်အပြီးတွင် မွေးနေ့ကိတ်ကို ရဟန်းဖြစ်သင်ကျောင်းမှ ကျောင်းအုပ်ဘုန်းတော်ကြီးမိုင်ကယ်ငွေဒွေးမှ ကောင်းချီးပေးလျက် အဖဆရာတော်ကိုယ်တိုင် မီးငြိမ်းသတ်ခဲ့ပါသည်။ ထို့နောက် Happy Birthday သီချင်းကို ဘာသာသူများ အားလုံးက ညီညာစွာသီဆိုကြပြီးမွေးနေ့ရှင် ကိုနှုတ်ဆက်ခဲ့ကြ ပါသည်။ ထို့နောက်မွေးနေ့ရှင် ဆရာတော်ဘုရားနှင့် ရဟန်းတော်များ၊ ကိုရင် များ၊ Bro. Sr များ.သာသနာ့အကျိုးတော်ဆောင် များ၊ ဓမ္မဆရာဆရာမများအတူတကွမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြပါသည်။ ဆရာတော်၏ မွေးနေ့ပွဲတွင် ဘုရားရှင် အစဉ်အမြဲကောင်းချီးပေးပြီး ကျန်းမာသန်စွမ်းလျက် သိုးထိန်းတာဝန်ကို ရာသက်ပန်ထမ်းဆောင်နိုင်ပါစေကြောင်း ဘာသာတူသားသမီးများက ဝိုင်းဝန်းဆုပန်ဆန္ဒပြု ဆုတောင်းပေးခဲ့ကြပါသည်။.....

**(PTN-OSC)**



## ရဟန်းသိက္ခာတင်ပွဲ

(ပြည်သာသနာ)

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ၁၃၊၁၂၊၂၀၁၅ နေ့တွင် ပြည်သာသနာအတွက် ရဟန်းအသစ်တစ်ပါး သိက္ခာတင်ပွဲကျင်းပပြုလုပ်ခဲ့ပါသည်။ အနယ်နယ် အရပ်ရပ်မှ ဘုန်းတော်ကြီးများ၊ သီလရှင်များ၊ဘာသာတူများအားလုံး အယောက် (၃၀၀)ခန့် ရှိ ကာ ရဟန်းတော်များဆရာတော်ကြီးနှင့် (၂၂)ပါးတို့က မိစ္ဆား တရား တော်ကို တင်ပူဇော်ပေးခဲ့ကြပါသည်။ဆရာတော်ကြီး၏ဩဝါဒတွင်"သခင် ခရစ်တော်သည်တပည့်တော်ကြီးများအားမြို့ရွာအသီးအသီးသို့ နှစ်ပါးစီစေလွှတ်သည့်အကြောင်း၊ လယ်ကွင်းတွင်အသီးအနှံရိတ်သိမ်းစရာများစွာရှိပြီးလုပ်ဆောင်သူများနည်းနေသေးကြောင်း၊ လယ်ခင်းရှင်ထံလုပ်ဆောင်မည့်သူတို့ကို စေလွှတ် တော်မူမည့်အကြောင်း၊ လယ်ခင်း ရှင်ကို တောင်းလျှောက် ကြဖို့၊ ရဟန်းများကိုလည်းသွားကြပြီး တောခွေးအလယ်တွင် သိုးသူငယ်များကဲ့သို့ သင်တို့ကိုငါစေလွှတ်၏၊ ငွေအိပ်ကိုသော်၎င်း၊ လွယ်အိတ်ကို သော်၎င်း၊ ဖိနပ်ကိုသော်၎င်း မယူသွားကြဖို့." ဟူသော ခရစ်တော်၏ မိန့်မှာချက်များကို ဆရာတော်ကြီးက ဩဝါဒတွင်ပြန်လည်မိန်း ကြားခဲ့ပါသည်။

ထိုကဲ့သို့ သာသနာ့လယ်ခင်းပြင်တွင် လုပ်ဆောင်မည့် သာသနာ့အမှုတော်ထမ်းဆောင်မည့် ရဟန်းအသစ်တစ်ပါး ဘုန်းတေဂ်ကြီးလုကားထွန်းကိုး ရဟန်းသိက္ခာခံယူခြင်းသည် အလွန်ပင်အားတက်စရာ ကောင်းသကဲ့သို့ ခရစ်တော်အတွက် စွန့်လွှတ်၊စွန့်စားမည့်သူများကို ဖိတ်ခေါ်ရင်းစိန်ခေါ်နေခြင်း ပင် ဖြစ် ပါသည်။

**(PYP-OSC)**



## ကြင်နာသနားခြင်းဂျူဘီလီနေ့

***သင်တို့၏အဖခမည်းတော်သည်ကြင်နာသနားသည်နည်းတူ၊ သင်တို့သည် လည်း သနား ကရုဏာရှိကြလော့။ လုကား ၆း၃၆***

သနားကရုဏာဂျူဘီလီနေ့ကို ဂုဏ်ပြုသောအားဖြင့် ၁၅-၁၈၊၁၂ ၂၀၁၅ ခုနှစ်၊ ကက်သလစ်သာသနာပြုခမ်းမဆောင်၌ အခြေခံသမ္မာစာတက်ရောက်ခဲ့ပြီးသူများအတွက် Follow up Program ရက်တိုသင်တန်း ဖွင့်လှစ်ခဲ့ပါသည်။ သာသနာငယ်အသီးသီးမှ ကိုယ်စားလှယ် ပေါင်း ၈၀ ဦး တက်ရောက်ခဲ့ကြ ပါသည်။ ၎င်းသင်တန်းကို Fr. အဲဖရက်ဂျေမှ ဦးဆောင် သွားပြီး မနက်တိုင်း ကမ္ဘာဌါန်းရှုခြင်း၊ မစ္ဆားတရား တော်ပူဇော်ခြင်း၊ သမ္မာကျမ်းစာပလ္လင်တင်ဂါရဝပြုခြင်းနှင့် သမ္မာကျမ်းစာ ဝေမျှခြင်းများ ပြုခဲ့ကြပါသည်။

ဘုန်းတော်ကြီး မှ တရားရေအေး တိုက်ကျွေးရာ၌ ဓမ္မဟောင်းပဋိညာတ် နှင့် ဓမ္မသစ်ပဋိညာတ် တို့၏ ဆက်စပ်မှု အကြောင်းနှင့် သနားကရုဏာ ဂျူဘီလီနှစ်အကြောင်းနှင့် ပတ်သက်ပြီး သိကောင်းစရာ များရှင်းလင်း ဟောကြားပြီး ***သင်တို့၏ အဖခမည်းတော်သည် ကြင်နာသနားသည်နည်းတူ၊ သင်တို့သည် လည်း ကြင်နာသနား ခြင်း ရှိကြလော့။ လုကား ၆း၃၆*** နှုတ်တော်ထွက်စကားတော်နှင့် အညီ ပြန်လည်ကြေအေးခြင်း အခမ်းအနားကို ပြုလုပ်ခဲ့ရာ၌ ရှင်လုကာ ၈း၁-၁၁ ကျမ်းမှ သရုပ်ပြခြင်းဖြင့် နောင်တရယူခြင်း၊ ခွင့်လွှတ်ခြင်းရရှိရန် ဂျူဘီလီ တံခါးပေါက်ကိုဖြတ်ပြီး အာပါတ်ဖြေခြင်း မင်္ဂလာကို ခံယူခဲ့ကြပါသည်။

ထို့နောက်ကျိုင်းတုံကက်သလစ်သာသနာဂိုဏ်းအုပ် ဆရာတော် ပီတာလွီးစ် အမှူးပြုလျက် မစ္ဆားတရားတော်မြတ်ကို အတူတကွ ပါဝင်ပူဇော်ကြပါသည်။ သင်တန်းသူ၊ သင်တန်းသား များသည် ဆရာတော်ဘုရားအား ခရစ္စမတ်အကြို နှုတ်ဆက်ဂါရဝပြု ခဲ့ကြပြီ၊ ဆရာတော် ဘုရားမှ အားပေးနှုတ်ခွန်းဆက်စကားမြွက်ကြားသွားခဲ့ပါသည်။

**(Rose Sdp)**



# ရာသက်ပန်သစ္စာခံယူခြင်း

(မြော်မြင်ခြင်းသီလရှင်ဂိုဏ်း)

၁၉.၁၂.၂၀၁၅ခုနှစ်၊ မြော်မြင်ခြင်းသီလရှင်အသင်းဂိုဏ်းမှ မိမိတို့ဘဝကို ရာသက်ပန် ဆက်ကပ်အပ်နှံခြင်းပွဲကို အသင်းဂိုဏ်းတည်ထောင်သူ ရဟန္တာ စိန်လွီးဂျီစခရောဆောပီ၏ မွေးရပ်ဇာတိ မြေဖြစ်သည့်အပြင် အသင်းဂိုဏ်း စတင်ဖူးပွင့်သည့်အီတလီနိုင်ငံမြောက်ပိုင်း ဦးဒီနေမြို့ အသင်းဂိုဏ်း၏ဗဟိုဌါနဌ် ကျင်းပခဲ့ပါသည်။ ရာသက်ပန်ဆက်ကပ်အပ်နှံခြင်း ၏ဂုဏ်ပြုဆုတောင်းပွဲ၌ ဦးဒီနေ သာသနာပိုင် အာချ်ဘီးရှော့ အန်ဒရေရာဘရူနို ရှေ့မှောက် နှင့် အသင်းဂိုဏ်း ဥက္ကဌ မာသာရ်အက်စတာ လက်ထဲတွင် ရာသက်ပန် ဆက်ကပ်အပ်နှံခြင်း သစ္စာဆိုပြီး အမှတ်တရလက်စွပ်ကို ကောင်းကြီးပေး ၍ သီလရှင်များ မိမိတို့ ဘဝကို ရာသက်ပန်ဆက်ကပ်အပ်နှံခဲ့ပါသည်။ ၄င်းရာသက်ပန်ဆက်ကပ်အပ်နှံခြင်း သစ္စာခံယူခဲ့သော အိန္ဒိယမှသီလရှင် တစ်ပါး Sr. မာရီယာ နှင့် မြန်မာပြည်မှသီလရှင် ၆ ပါး မှာ Sr. ဒေးမူ (လွိုင်ကော်သာသနာ၊ဒေါ်ရောက်ခူ)၊ Sr.မေရီမူဖရယ်(ဖယ်ခုံသာသနာ၊ဟုရီကောခူ)၊Sr. ပေါလာ အာဖော (ကျိုင်းတုံသာသနာ၊ကျိုင်းတုံ)၊ Sr.ဘမ်ဘီးနာ (ကျိုင်းတုံသာသနာ၊ကျိုင်းတုံ) ၊ Sr.အက်စတာနာမီးရှိ(ကျိုင်းတုံသာသနာ၊မိုင်းပေါက်)၊ Sr.ဂေါ်ရက်တီမီဘား(ကျိုင်းတုံသာသနာ၊ တာချီလိတ်) တို့ဖြစ်ကြပါသည်။ ရာသက်ပန်ဆက်ကပ်အပ်နှံသွားသည့်သီလရှင်များအတွက် အဖက်ဖက်မှပိုင်းဝန်း ဆုတောင်း ပေးကြသော မိဘဆွေမျိုးညီအစ်ကို မောင်နမများ၊ ရပ်နီးရပ်ဝေးရှိမိတ်ဆွေ ရောင်းရင်းများ အထူးကျေးဇူးတင်ရှိပါကြောင်း အီတလီနိုင်ငံရောက် မြန်မာသီလရှင်များမှ ပြောကြားခဲ့ပါသည်။ **(Rose Sdp)**

## ကက်သလစ်သာသနာတော်ရောက်ရှိခြင်း(၂၅)နှစ် ပြည့်

ကျိုင်းတုံကက်သလစ်သာသနာ၊ အထူးဒေသ (၄) နမ့်ပန်းတွင် ကက်သလစ်သာသနာ တော်ရောက်ရှိခြင်း (၂၅)နှစ် ဂျူဘီလီပွဲတော်ကို ဒီဇင်ဘာလ (၄)ရက်မှ(၆)ရက်နေ့ထိပြုလုပ်ကျင်းပခဲ့ပါသည်။အထူးဒေသ(၄)နမ့်ပန်းတွင်ကက်သလစ်သာသနာတော်ရောက်ရှိခြင်းမှာ ဒေသခံ လူကြီး များ၏လှိုက်လှဲ စွာ ဖိတ်ကြား မှုကြောင့် (၁၉၉၀) ခုနှစ်၊ ဆရာတော်း အေပြာဟန်သန်း (ငြိမ်း) နှင့်အတူ ဘုန်းတော်ကြီးများ၊ ဓမ္မဆရာကြီးနှင့်သီလရှင်များ၊ စေတမန်များသွား ရောက် ပြီး ဒေသခံညီအစ်ကိုများကို ရင်းနီးမှုရယူပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍအသီးသီးကိုသင်ကြားပေးမှုပြီး၊သတင်းကောင်းများနှင့်အတူယုံကြည်ခြင်း မျိုးစေ့ကိုချပေးနိုင်ခဲ့သည်။ သာသနာပြုစတွင်ဘုန်းတော်ကြီးများ လုံလောက်မှုမရှိသောကြောင့် ရန်ကုန်သာသနာ မှ ဘုန်းတော်ကြီးများ Fr.ဂျွန်စောယောဟန် (ယခုဆရာတော်ဂျွန်စောယောဟန်)၊ Fr. ဂျိမ်းတင်မောင်ထွေး၊ Fr. စောနီအဲလ် နှင့် Fr.စောမူးလယ် တို့ဖြစ်ကြပါသည်။ တောင်ငူသာသနာမှ ဘုန်းတော်ကြီးများမှာ Fr.စတာလင်၊ Fr.ဂျော့ဂင်းမြင့်၊ Fr.ပီတာမောင်လှ၊ Fr.ရီကားဒို အားသိုင်တို့ကြွရောက်ဆက်ကပ်ပေးခဲ့ပါသည်။ဘုန်းတော်ကြီးများ၊သီလရှင်များ၊ ဓမ္မဆရာများ နှင့် စေတမန်များတို့၏ အနစ်နာခံ ဆက်ကပ် ပေးမှုကြောင့် ယုံကြည်သူ ဘာသာသူ ၅သောင်းကျော်တိုး ပွားလာခဲ့ပါသည်။

အချို့ ကိုယ်ကျိုးစွန့် အသက်ပေး ဆက်ကပ်သွားခဲ့သော ပြည်သာသနာမှ မြော်မြင်ခြင်းသီလရှင်လောင်းတစ်ဦး၊ လွိုင်ကော်သာသနာမှ စေတမန် (၃)ဦး အတွက်လည်းဂုဏ်ပြုမိပါသည်။ ဒီဇင်ဘာ (၄)ရက်နေ့ ညနေ တွင် မယ်တော်ဂူအသစ်ကို ဆရာတော် ဂျွန်စောယောဟန် သည် ကောင်းကြီးပေး ဖွင့်လှစ်ပေးခဲ့ပါသည်။ (၅) ရက်နေ့တွင် ဂျူဘီလီ မိဿားတော်ကို ကျိုင်းတုံဆရာတော်ပီတာလွီစ်နှင့် ရန်ကုန်ဆရာတော် ဂျွန်စောယောဟန် တို့ ဦးဆောင်၍ ဩဇ္ဈသည်တော်ဘုန်းတော်ကြီးများ နှင့် အတူ ပူဇော်ခဲ့ကြ၍ ခရစ္စမတ်အားပေးခြင်းမင်္ဂလာတော်မြတ်ခံယူမည့် ကလေး၊ လူကြီး (၁၈၇)ဦးကို ရန်ကုန်ဆရာတော် ဂျွန်စောယောဟန် ခရစ္စမတ်ဆီလူးပေးခဲ့ပါသည်။ ထို့နောက် နမ့်ပန်းဒေသတွင် သာသနာပြု ခဲ့သော ရဟန်းများ၊ သီလရှင်များ၊ ဓမ္မဆရာများနှင့် စေတမန်များကို ဂုဏ်ပြုဆုလက်ဆောင်များပေးအပ်ခဲ့ပါသည်။ (၆)ရက်နေ့ မနက် တွင် ကျေးဇူးတင် မဿားတော်ကို ဆရာတော် ပီတာလွီစ်ဦးဆောင်၍ ကိုရင် ရောဘက်ရဲဝင်အား ဦးပဥ္စင်းသိက္ခာ ပေးခဲ့ပါသည်။ ပွဲတော်သို့ ကြွ ရောက်ချီးမြှင့် ဆုတောင်းပေး ကြသော ဘာသာတူ ညီအစ်ကိုမောင်၊ သားသမီးအပေါင်းတို့ကို အဖဆရာတော် က ဂျူဘီလီ ကောင်းကြီး တော်ပေးခဲ့ပါသည်။(ရှိုစ် Sdp)

**နှစ်သစ်ကူး၏၏အကြို ရွှေနှလုံးတော် ဖလား ဘော်လုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား** (ဖယ်ခုံသာသနာ)

ဖယ်ခုံတိုက်နယ် (၁၃) နှစ်အောက်ကက်သလစ် ကလေးသူငယ်များ နှစ်သစ်ကူးအကြို ရွှေနှလုံးတော် ဖလားဘော်လုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၅.၁၂.၂၀၁၅ နေ့ နေ့လည် ၁း၃၀ တွင် ပြုလုပ်ခဲ့ပါသည်။ “ဘော်လုံးပွဲရဲ့ရည်ရွယ်ချက် ကတော့ ကက်သလစ်ကလေးသူငယ်တွေ ဘော်လုံးပွဲမှ ဘုရားကျောင်းသို့ ဆိုတဲ့ဆောင်ပုဒ် ကိုအဓိကထားပါတယ်။ ပြီးတော့ ထူးချွန်တဲ့ အားကစားသမားတွေပေါ်ထွန်းလာဖို့ နှင့် ရပ်ကွက်လိုက်ကလေးသူငယ်များ အချင်းချင်း သိကျွမ်းဝင်ပြီး တစ်ချိန်ချိန်တွင် သာသနာလုပ်ငန်း နှင့် တစ်ခြားလုပ်ငန်းများတွင် ပူပေါင်းပါဝင်မှုများရှိလာဖို့ အဓိကရည်ရွယ်ထားပါတယ်” ဟု ပွဲစီစဉ်သူ ကျောင်းထိုင်ဘုန်းတော်ကြီး Fr. Augustine Ko က ပြောကြားသွားပါသည်။ ပွဲကြီးကြပ်သူ လက်ထောက်ဘုန်းတော်ကြီး Fr.Patrick Nyareh လည်းပဲ “ဘော်လုံးအသင်းပေါင်း (10) သင်းက ရပ်ကွက်အလိုက် လာရောက်ယှဉ်ပြိုင်တာကိုတွေ့ရတယ်။ အခမ်းအနားကို ဘင်ခရာအဖွဲ့နဲ့ ချီတက်ဖွင့်ပေးတော့ ကလေးတွေက များစွာအားရတက်ကြွနေတာကိုတွေ့ရတယ်” ဟုဆိုပါသည်။ “ကျွန်တော့်ကလေးကတော့ အနိုင်ရစေချင်တယ် ဒါပေမယ့် အသက်မလိမ်ပဲ ရိုးသားစွာ ကစားပေးဖို့ လိုက်လံကြီးကြပ် ကြည့်ရှု ပေးရင်း သူတို့ရဲ့ ရိုးသားတဲ့စိတ်တွေ မွေးထုတ်ပေး နေပါတယ်” ဟု ဂျေရောဗလိုရပ်ကွက်မှ အုပ်ထိန်းသူခူးအားလီက ပြောကြားသွားပါသည်။ ထိုဖွင့်ပွဲအခမ်းအနားတွင်ဘော်လုံသမားများ၊ အုပ်ထိန်းသူများနှင့်အတူ ပရိသတ်များ (၃၀၀) ခန့် လာရောက်အားပေးခဲ့ပါသည်။ **(Pekhon+OSC)**